**ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ**

**တရားရေးဌာန**

**ဥပဒေပြုဌာနစု**

**(၁၉၆၅ ခုနှစ်၊ ကျပ်တရာတန်ငွေစက္ကူနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကိုတရား ဝင်ငွေအဖြစ်မှရုပ်သိမ်းသည့် နည်းဥပဒေများ။)**

**အမှတ် ၁၁၅**

**ရန်ကုန်မြို့၊ ၁၃၂၆ ခုနှစ်၊ နှောင်းတန်းခူးလဆန်း ၈ ရက်**

**(၁၉၆၅ ခုနှစ်၊ ဧပြီလ ၉ ရက်။)**

အမှတ် ၁၁၅။ ။ ၁၉၆၄ ခုနှစ်၊ ကျပ်တရာတန်ငွေစက္ကူနှင့်ကျပ်ငါးဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းသည့် ဥပဒေပုဒ်မ ၅ အရ၊ အစိုးရသည်၊ အောက်ပါနည်းဥပဒေများကိုပြုလိုက် သည်။

**၁၉၆၅ ခုနှစ်၊ ကျပ်တရာတန်ငွေစက္ကူနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကိုတရား ဝင်ငွေအဖြစ်မှရုပ်သိမ်းသည့် နည်းဥပဒေများ။**

အမည်။

၁။ ။ ဤနည်းဥပဒေများကို၊ ၁၉၆၅ ခုနှစ်၊ ကျပ်တရာတန်ငွေစက္ကူနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှရုပ်သိမ်းသည့် နည်းဥပဒေများ ဟုခေါ်တွင်စေရမည်။

အဓိပ္ပါယ်ရှင်းလင်းဖော်ပြချက်။

၂။ ။ ဤနည်းဥပဒေများတွင် စကားရပ်များသည်၊ အောက်ပါအတိုင်းအဓိပ္ပါယ်သက်ဝင်စေရမည်။

(က) "ဥပဒေ" ဆိုသည်မှာ၊ ၁၉၆၄ ခုနှစ်၊ ကျပ်တရာတန် ငွေစက္ကူနှင့်ကျပ်ငါးဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှရုပ်သိမ်းသည့်ဥပဒေကိုဆိုလိုသည်။

(ခ) "ကော်မီတီ" ဆိုသည်မှာ၊ ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (၂)အရ၊ အစိုးရက ဖွဲ့စည်းသည့် တရားမဝင်ငွေ စက္ကူကိစ္စစီစစ်ရေးကော်မီတီကိုဆိုလိုသည်။

(ဂ) "စုံစမ်းစစ်ဆေးသူ" ဆိုသည်မှာ၊ မှုခင်းကိစ္စများကို စုံစမ်းစစ်ဆေးရန်ဥပဒေအရဖြစ်စေ၊ အခြား နည်းဖြင့်ဖြစ်စေ၊ အစိုးရက၊ အခါအားလျော်စွာ ခန့်ထားသောသူ၊ သို့မဟုတ် အဖွဲ့ကိုဆိုလိုသည်။

စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူခြင်း။

၃။ ။ (၁) ဥပဒေပါ ပြစ်မှုတခုခုကို၊ တဦးတယောက်သောသူက၊ ကျူးလွန်ကြောင်းသိရှိရသောအခါ၊ သို့မဟုတ် တိုင်ကြားချက်ရသောအခါ စုံစမ်းစစ်ဆေးသူသည်၊ ပဏာမစုံစမ်းစစ်ဆေး၍ အထောက်အထား တွေ့ရှိက ထိုသူကို ချက်ခြင်းဖမ်းဆီးပြီးလုံခြုံသောနေရာ၌ ထိန်းသိမ်းထားရမည်။

Myanmar Law Information System (MLIS)

(၂) နည်းဥပဒေခွဲ (၁)အရ၊ ဖမ်းဆီးပြီးနောက်၊ ရမန်မယူဘဲ ၂ လအထိထိန်းသိမ်းထားနိုင်သည်။ ယင်းသို့ ထိန်းသိမ်းထားစဉ်ကာလအတွင်း စုံစမ်းစစ်ဆေးသူသည်၊ အမှုကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ အမှန်တရားပေါ်ပေါက်လာသည့် တိုင်အောင်စုံစမ်းစစ်ဆေးရမည်။

(၃) နည်းဥပဒေခွဲ (၂) အရ၊ စုံစမ်းစစ်ဆေးမှုများ မပြည့်စုံသေးလျှင်၊ သို့မဟုတ် ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားခြင်းခံရလျှင်၊ စုံစမ်းစစ်ဆေးသူသည် တိုင်ကြားခံရသူအား ဆက်လက်ထိန်းသိမ်းထားနိုင်ရန် အစိုးရထံတင်ပြရမည်။

(၄) နည်းဥပဒေခွဲ (၃)အရ၊ တင်ပြချက်အပေါ်တွင် အစိုးရသည်၊ သင့်တော်သည့်အမိန့်ကို ချမှတ်နိုင် သည်။

အမှုတင်ပြခြင်း။

၄။ ။ (၁) နည်းဥပဒေ ၃ အရ၊ စုံစမ်းစစ်ဆေးမှုများ ပြည့်စုံသောအခါ၊ စုံစမ်းစစ်ဆေးသူသည် ပြည်ထဲရေး ဌာနသို့ အမှုကိုတင်ပြရမည်။

(၂) ပြည်ထဲရေးဌာနသည်၊ အမှုကြောင်းခြင်းရာများနှင့် စုံစမ်းစစ်ဆေးသူ၏ တင်ပြချက်တို့ကို လက်ခံစဉ်းစားပြီးနောက်၊ သက်သေအထောက်အထားများမပြည့်စုံသေးဟုယူဆလျှင်၊ ထပ်မံစစ်ဆေးရန် စုံစမ်းစစ်ဆေးသူအား ညွှန်ကြားနိုင်သည်၊ သက်သေအထောက်အထားများပြည့်စုံပြီဟုယူဆလျှင် ကော်မီတီသို့ပေးပို့ရမည်။

(၃) ကော်မီတီသည်၊ နည်းဥပဒေခွဲ (၂)အရ တင်ပြချက်ကို ဥပဒေအရရှင်း၊ အစိုးရ၏ညွှန်ကြားချက်များ နှင့်၄င်း ညှိနှိုင်းစီစစ်ပြီးနောက်၊ မိမိ၏ထောက်ခံချက်နှင့်တကွ တရားရေးဌာနသို့ပေးပို့ရမည်။

တရားစွဲဆိုသင့်မသင့် ဆုံးဖြတ်ခြင်း။

၅။ ။ (၁) ကော်မီတီထံမှတင်ပြချက်ကိုရရှိသောအခါ တရားရေးဌာနသည်၊ အမှုအလိုက်ထောက်ချင့်၍ တရားစွဲဆိုရန်သင့်မသင့်ကို စဉ်းစားပြီးနောက် သင့်တော်သည့်အမိန့်ကို ချမှတ်နိုင်သည်။

(၂) တရားစွဲဆိုရန်ဆုံးဖြတ်သည့်အမှုများတွင်၊ အစိုးရက ညွှန်ကြားသည့်အတိုင်းတရားစွဲဆိုရမည်။

နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအကျိုးသက်ရောက်ခြင်း။

၆။ ။ ဤနည်းဥပဒေများမပြုမီ ဆောင်ရွက်ခဲ့သောကိစ္စများသည်၊ ဤနည်းဥပဒေများအရ ပြုလုပ်ဆောင် ရွက်ခဲ့သည်ဟုမှတ်ယူရမည်။

အမိန့်အရ၊

ဗိုလ်မှူး အောင်ဝင်း၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊

တရားရေးဌာန။

Myanmar Law Information System (MLIS)